# Highlights from DVB Debate's Fighting Corruption

## March 26, 2016

## "How to fight Corruption?"

"လုပ်ပိုင်ခွင့်ရှိသူတွေ၊ ဆုံးဖြတ်နိုင်ခွင့်ရှိသူတွေ အကျင့်ပျက်ခြစား၊ အဂတိလိုက်စားရင် နိုင်ငံမှာ အများကြီးထိခိုက်ပြီး အဆင့်လဲ ကျတယ်ဗျ"

ဦးအောင်ချိန်ဘွား - ဒုတိယညွှန်ကြားရေးမှူး - ငြိမ်း(ကုန်သွယ်ရေးဝန်ကြီးဌာန)၊ စာရေးဆရာ

---

"ပထမတော့ လာဘ်စားတာက ဝင်ငွေမလောက်လို့ စားတာဖြစ်မယ် နောက်ပိုင်းကတော့ စားလို့ကောင်းလို့ စားတာဖြစ်နေပြီဗျ"

ဦးခင်သန်း - ညောင်တုန်းမြို့နယ် တရားသူကြီး(ငြိမ်း)

---

"လာဘ်စားသူအပြင် လာဘ်ပေးသူကိုလည်း ပုဒ်မ ၁၈၂ အရ အရေးယူနိုင်တယ်၊ ထောင်ဒဏ် ၅ နှစ်အထိ အပြစ်ပေးနိုင်တာတွေ ဥပဒေမှာ ပါတယ်"

ဦးမောင်မောင်ဝင်း(ခ) ရွှေနေမောင်ကံ - တရားလွှတ်တော်ရှေ့နေ၊ ပန်းဘဲတန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ

---

"ကျနော်တို့ အဖွဲ့အစည်းတိုင်းမှာ လူတော်တော်များများဟာ လာဘ်ပေးဖူးသူတွေ ပါပါလိမ့်မယ်။ ဒါမှမဟုတ် လာဘ်ယူသူတွေလည်း ပါမှာပေါ့"

ဦးခင်သန်း - ညောင်တုန်းမြို့နယ် တရားသူကြီး (ငြိမ်း)

---

"ကျနော်တို့တွေရဲ့ အကျင့်ပျက်ခြစားမှုတွေက လူတော်တော်များများရဲ့ သွေးထဲထိတောင် ရောက်နေပြီ၊ အဲလောက်ထိ ဆိုးဝါးနေတယ်။ ဒါကိုဖြေရှင်းဖို့ရာ ပြဿနာထုထည်ကလည်း တော်တော်ကြီးမားတယ်ဗျ"

ဦးကျော်စွာဆွေ - တကောင်းအင်စတီကျု့ မူဝါဒရေးရာ အကြံပေး

---

"လာဘ်စားသူတွေကို ပြစ်ဒဏ်ပေးတဲ့အနေနဲ့ ထောင်ချမယ် ၁၅-၂၀ နှစ်တွေထိ ချလို့ရတယ်။ ဒါပေမယ့် ဒါဟာလဲ အခါခပ်သိမ်းမပြည့်စုံဘူး။ စားမယ့်သူက စားနေမှာပဲ ထောင်ဒဏ်ကို တခြားလူကို လွှဲချမယ်ဗျာ ဘာလုပ်ကြမလဲ"

ဦးခင်သန်း - ညောင်တုန်းမြို့နယ် တရားသူကြီး (ငြိမ်း)

---

"တရားရုံးသွားရင် လာဘ်မပေးဘဲ အမှုတခု ကိုင်ကြည့်လို့တောင် မရဘူး"

ဦးမောင်မောင်ဝင်း (ခ) ရှေ့နေမောင်ကံ - တရားလွှတ်တော်ရှေ့နေ၊ ပန်းဘဲတန်းမြို့နယ်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

---

"အကျင့်ပျက်ခြစားမှုအများဆုံးတွေ့ရတာတော့ တရားရေးဌာန၊ လဝကနဲ့ စည်ပင်တို့ပဲ"

ဦးနေဝင်း - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ

---